**အဆိုပြုထားသည့် အမြတ်ဝေစု၊ အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်နှင့် အမြတ်ဝေစုခံစားခွင့် မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက်အား အသိပေးကြေညာခြင်း။**

---

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများ၊ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ ဇွန်လ (၂၄) ရက်နေ့တွင် ဒါရိုက်တာအဖွဲ့မှ အဆိုပြုထားသည့်အတိုင်း ၂၀၁၆ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် အဆိုပြုထားသော မူလအစုရှယ်ယာတစ်စုလျှင် အမြတ်ဝေစု အဖြစ် (၁၃၅) ကျပ် (အဆိုပြုထားသည့်အမြတ်ဝေစု) အား ခံစားပိုင်ခွင့်ရှိသည့် အစုရှယ်ယာရှင်များကို စီစစ်တွက်ချက်နိုင်ရန်အလို့ငှာ ရန်ကုန်စတော့အိတ်ချိန်း (YSX) မှ စီစဉ် ဆောင်ရွက်သည့် အစုရှယ်ယာရှင်များ အတည်ပြုခြင်း (General Shareholders Confirmation) စနစ်ဖြင့် ခွဲခြားသတ်မှတ်သည့် စည်းကမ်းချက်များအရ ကုမ္ပဏီအစုရှယ်ယာဝင်မှတ်ပုံတင်ခြင်းကို **၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၇)ရက်နေ့ ("အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်") (the "Record Day")** တွင် ပိတ်သိမ်းလိမ့်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

FMI အစုရှယ်ယာများအားပိုင်ဆိုင်ထားသည့် ငွေချေးသက်သေခံလက်မှတ် စာရင်းဖွင့်ထားသူအစုရှယ်ယာ ရှင်များအား Record Day နံနက် (၁၁)နာရီ (၅၉)မိနစ် မှစ၍ အဆိုပြုထားသော အမြတ်ဝေစုခံစားခွင့်ရှိသူ အမည်စာရင်းသို့ ထည့်သွင်းသွားမည် ဖြစ်ပါသည်။ အဆိုပြုထားသည့် အမြတ်ဝေစုကို မကြာမီ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၇)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် နှစ်ပတ်လည်အထွေထွေ အစည်းအဝေး၌ အစုရှယ်ယာရှင်များ၏ နောက်ဆုံးအတည်ပြုချက်ရယူရမည် ဖြစ်သည်။

YSX ၏ စတော့ရှယ်ယာအရောင်းအဝယ်နှင့် ငွေကြေးအကြေပြီးပြတ်အောင်ပေးဆပ်ခြင်း စည်းကမ်းချက်များကြောင့် အဆိုပြုထားသည့် အမြတ်ဝေစုအား ရရှိခံစားလိုသူအစုရှယ်ယာရှင်များအနေဖြင့် Record Day (၇-၇-၂၀၁၆) နံနက် (၁၁း၅၉) နာရီမတိုင်မီ အစုရှယ်ယာရှင်၏ ငွေချေးသက်သေခံလက်မှတ်စာရင်း (Securities Account) သို့ အစုရှယ်ယာများအား ထည့်သွင်းနိုင်ရန်အတွက် ရှယ်ယာအရောင်းအဝယ် နောက်ဆုံးပိတ်သည့် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၄)ရက်နေ့ ("အရောင်းအဝယ်ပြုရန် နောက်ဆုံးနေ့") (the "Last Day to Trade") တွင် အရောင်းအဝယ် ပိတ်သိမ်းချိန်နောက်ဆုံးထား၍ အစုရှယ်ယာများအား ဝယ်ယူကြရမည် (သို့မဟုတ်) ပိုင်ဆိုင်ထားကြရမည်။ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၅)ရက်နေ့ ("အမြတ်ဝေစုခံစားခွင့်မရှိသော ရှယ်ယာဝယ်ယူသည့်ရက်") ("the Ex-Day") မှစတင်၍ ဝယ်ယူမည့် အစုရှယ်ယာ များသည် အဆိုပြုထားသော အမြတ်ဝေစုများအား ခံစားခွင့်မရှိသည့် အစုရှယ်ယာများဖြစ်ပါသည်။ ရှယ်ယာအရောင်း အဝယ်ပြုရန် နောက်ဆုံးနေ့ရက် အရောင်းအဝယ်ပိတ်သိမ်းချိန်ထိ မည်သည့်အချိန်တွင်မဆို ရောင်းချခဲ့သော အစုရှယ်ယာ များမှာ အဆိုပြုထားသည့် အမြတ်ဝေစုရရှိခံစားပိုင်ခွင့်ရှိမည် မဟုတ်ပါ။

ငွေချေးသက်သေခံလက်မှတ်စာရင်း ဖွင့်လှစ်ထားခြင်းမရှိသေးသော အစုရှယ်ယာရှင်များသည် ၎င်းတို့၏ အစုရှယ်ယာများအား YSX မှ သတ်မှတ်ပြဋ္ဌာန်းထားသော အထူးစာရင်း (Special Account ) ဖြင့် ထိန်းသိမ်းထားခြင်းကြောင့် အဆိုပြုထားသည့် အမြတ်ဝေစုအား ရရှိခံစားပိုင်ခွင့်ရှိနေမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

| အရေးကြီးသောအကြောင်းအရာ | ရက်စွဲ |
|---|---|
| **ရှယ်ယာအရောင်းအဝယ်ပြုရမည့် နောက်ဆုံးရက်** | **၄ - ၇ - ၂၀၁၆** |
| အမြတ်ဝေစုခံစားခွင့်မရှိသော ရှယ်ယာဝယ်ယူသည့်ရက် | ၅ - ၇ - ၂၀၁၆ |
| အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် | ၇ - ၇ - ၂၀၁၆ |
| နှစ်ပတ်လည်အထွေထွေအစည်းအဝေး | ၇ - ၈ - ၂၀၁၆ |
| အမြတ်ဝေစု ထုတ်ပေးမည့်ရက် | ထပ်မံကြေညာပါမည်။ |

ဒါရိုက်တာအဖွဲ့ အမိန့်အရ

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၁၆ ခုနှစ်၊ ဇွန်လ (၂၇) ရက်။

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm